
၁၀ တန်းအောင်ပြီဟေ့...
ပျော်လိုက်တာ။ မွေလှိုင်း၊ ဆိုင်မွန်းတို့နဲ့
အတူ တက္ကသိုလ်တက်ရတော့မယ်။
စာလည်း ကြိုးစား
ဦးနော်..
ဟုတ်ကဲ့မေမေ။


ရေး ...
လွတ်လပ်သွားပြီဟေ့
ငါတို့ဒီည အပြင် ထွက်လည် ကြရအောင်။ ခုမှဖွင့်တဲ့ အရက်ဆိုင် သွားမလား၊ KTV မှာ သီချင်း သွားဆိုကြမလား?
မင်္ဂလာပါ.. ကျွန်တော် စိုင်းစိုင်းပါ
ဟုတ်ကဲ့ ကျွန်မက နန်းနန်းပါ ..


အမေဆုံးသွားတော့
ငါဘာဆက်လုပ်ရမလဲ မသိတော့ဘူး။
ကျောင်းလာတက်ဖြစ်တာလည်း အမေအားပေးလို့ပဲ။
ခု အဖေက ငါ့အရွယ်ကောင်မလေး တစ်ယောက်နဲ့
ယူမလို့တဲ့။ အဆင်မပြေလိုက်တာကွာ။
စိတ်မကောင်းပါဘူး
သူငယ်ချင်းရာ။ မင်း...
ဒါ စမ်းကြည့်ပါလား။ ငါ နဲ့ မင်းလှိုင်
သုံးလာတာ (၁) နှစ်လောက်
ရှိပြီကွ။
စမ်းကြည့်ပါလား။
Formula က အားလုံးကို
မေ့စေနိုင်တယ် ကွ။
ယောကျ်ားပဲကွာ
ဆော် ကြည့်လိုက်။
အေအေ....လာ
ငါစမ်းကြည့်မယ်။
မကြာခင်မှာပဲ
စိုင်းစိုင်းက Formula ကို
သူ့ဘာသာသူ သုံးတတ်
လာတယ်။ ကိုယ်တိုင်လည်း
ဆေးရှာဝယ်တတ်လာပြီ။


စိုင်းရယ် ငါစိတ်ဆင်းရဲလိုက်တာ၊ ဘာမှလည်း မလုပ်ချင်ဘူး။ ကျောင်းမှာ သင်တဲ့စာတွေလည်း ဘာမှမမှတ်မိဘူး၊ ဘာမှလည်း မသိတော့ဘူးကွာ... ဒါတွေ အားလုံးကို မေ့ပစ်လိုက်ချင်တယ်။
ဒါလေး စမ်းကြည့်ပါလား နန်း... နင် စိတ်ချမ်းသာသွားလိမ့်မယ်။
ပေး.. နန်း စမ်းကြည့်မယ်လေ။
စိတ်ရှုပ်နေတာတွေ သက်သာသွားမလား ..?




နန်းနန်းတစ်နေ့ကို နှစ်ကြိမ် သုံးကြိမ်လောက် ဆက်တိုက် သုံးတတ်လာတယ်။
တစ်ချို့ရက်တွေဆို ကျပ် (၁၅၀၀၀) ကုန်တယ်။
အားပိုရှိလာမယ်ထင်လို့ သူမ ယာမ ကိုလည်း သုံးစွဲတတ်လာတယ်။ ကျောင်းဘေးနားမှာ ယာမ ကိုဝယ်ပြီး သူမနဲ့စိုင်းစိုင်း မကြာမကြာ အတူတူ သုံးတတ်ကြတယ်။
သူတို့ ဆေးအမျိုးမျိုးသုံးစွဲလာတာကြောင့် တစ်နေ့ကို ဆေးဖိုး (၂၀၀၀၀) ကျပ် လောက်ကုန်လာခဲ့တယ်။
အိမ်ကပို့ပေးလာတဲ့ ကျောင်းစရိတ်တွေကလည်း သူတို့ဆေးဖိုး ဖြစ်ကုန်တယ်။
လစဉ်အကဲဖြတ် မှတ်တမ်း



အိမ်ကပို့ပေးတဲ့ ပိုက်ဆံတွေလည်း ကုန်တော့မယ်။ နင်ကလဲ ဘာပိုက်ဆံမှ မရှာနိုင်ဘူး။
စိတ်မပူပါနဲ့ .. ငါ့သူငယ်ချင်းနဲ့ ငါပြောထားပြီးပြီ။ သူငါ့ကို ဆေးလာပေးပြီး ဒီတစ်ပတ်အတွင်း ငါသွားရောင်းမယ်၊ ဒါဆို ငါတို့ ဝင်ငွေရှိတာပေါ့။




တကယ်လို့ ကျွန်မ မိဘတွေ သိသွားရင် သူတို့လုံးဝ စိတ်မကောင်းဖြစ်မယ်။ သူတို့ကို ဒီအကြောင်း မသိစေချင်ဘူး။ အိမ်လည်းမပြန်ချင်တော့ဘူး ဒီမှာပဲနေတော့မယ်။
အိမ်မှာနေရတာ ပျင်းစရာကောင်းတယ်။ သင်္ကြန်လည်း အမြဲလည်ခဲ့ဖူးတာပဲ။ ဒီမှာနေပြီး မွေလှိုင်း၊ ဆိုင်မွန်းတို့နဲ့ပဲ အတူသွားလည်တော့မယ်။ သမီးပြန်မလာတော့ဘူး အမေ။
သမီး အိမ်ပြန်လာရမယ်။ သမီးမပြန်လာရင် ပိုက်ဆံ လုံးဝ ပို့မပေးတော့ဘူး။


နန်းနန်း... မင်း ဘယ်ရောက်နေလဲ?
ငါ အိမ်ပြန် ရောက်နေတယ်။
စိတ်မကောင်းစရာ သတင်းရထားတယ်။ စိုင်းစိုင်း စစ်ဆေးရေးဂိတ်မှာ အဖမ်းခံ ရတယ်တဲ့။ မူးယစ်ဆေးဝါးနဲ့ မိတာတဲ့။
ဘယ်ကို ဖမ်းသွားတာတဲ့လဲ?
တောင်ကြီးထောင်ထဲ လို့ပြောတယ်။
သူဘယ်လိုများဖြစ်နေမလဲ? သူနဲ့တွေ့ချင်လိုက်တာ...
ငါ့ကိုများ အမှုပတ်နေဦးမလား ???


ငါ့ကို ဆေးနည်းနည်းလေးနဲ့ပဲ မိတာပါ၊ ငါထင်တာကတော့ သူတို့ quota ရဖို့ အတွက်ပဲဖြစ်မယ်။ ဒါပေမဲ့ကွာ... ငါ့ကိုနှစ်ရှည် ထောင်ဒဏ်ချလိုက်တယ်တဲ့။ ဘာလုပ်ရမလဲမသိတော့ဘူး! မင်းသိလား..ထောင်ထဲမှာလည်း ဆေးရောင်းနေကြတယ်ကွ။ ငါ လည်း ရောင်းမလားလို့။
သူများနဲ့ လိုက်မလုပ်နဲ့တော့လေ။ ငါတို့ဒါတွေကို ရပ်သင့်ပြီ။ ကြည့်စမ်း အားလုံးက ငါတို့ကို ဘိန်းစားလို့ ပြောနေကြတယ်။


သမီးကျောင်း ဆက်မတက်ချင်တော့ဘူး အမေ၊ သမီး အိမ်မှာပဲ နေချင်တယ်။
မရဘူး၊ သမီး ကျောင်းဆက်မတက်လို့ မရဘူး။ သမီးကောင်းစားဖို့ အတွက်ပဲ။
သမီး ကျောင်းဆက်မတက်တော့ဘူးဆိုရင် အဖေတို့က ပိုက်ဆံ လုံးဝ မပေးတော့ဘူး နော်။


နေရတာ အဆင်မပြေဘူး... ငါဆေးလိုတယ်။
သမီး ဘာလို့ပိုက်ဆံ ခိုးတာလဲ? ဒီလိုလုပ်ဖို့ တစ်ခါမှ မသင်ပေးဖူးဘူး။ ဆေးစွဲနေရင် လည်း ပြောသင့်တာပေါ့..
နင့်ကို အဝေးမှာ ကျောင်းသွားမတက်ခိုင်းသင့်ဘူး။ နင် ဘယ်တုန်းက ဆေးစွဲတာလဲ။ နင်တော့ ဆေးသွားဖြတ်မှ ရမယ်။



ကျောင်းတက်လို့ စိတ်ရှုပ်မယ် ဆိုတာ သိပါတယ်။ ဒါပေမယ့် ဘာလို့ ဒီလိုလုပ်ရတာလဲ? ခု... ဘာလုပ် ရမလဲတောင် မသိတော့ဘူး။
ဒါက လုံးဝ လက်မခံနိုင်စရာပဲ။ သူများတွေ ပြောစရာ ဖြစ်ကုန်ပြီ...
ဒီမှာတော့ ကုလို့မရဘူး။ တောင်ကြီး ဆေးဖြတ်စခန်းကို သွားမှပဲ ရမယ်။
သမီး အဲ ကို မသွားချင်ဘူး...
အဖေ အမေ တို့က နားမလည်ဘူး


ဆိုင်မွန်းကပြောတယ် ဘိန်းဖြတ်စခန်းမှာ ယောကျ်ားတွေ အများကြီးပဲတဲ့။ လုံခြုံမှုလည်း မရှိဘူးလို့ ပြောတယ်။ ဈေးလည်း အရမ်းကြီးတာပဲတဲ့။
ရွာမှာလဲ ဆေးဖြတ်စခန်း မရှိဘူး။ တောင်ကြီးမှာ ဆေးသွားဖြတ်ရင် ကုသစရိတ်လည်းကုန်ဦးမယ်။ ပြီးတော့ စားစရိတ်နဲ့ နေစရိတ်တွေ ကလည်း အများကြီး ကုန်ကျမှာ။
ဆိုင်မွန်း... လ တော်တော်ကြာ သွားဖြတ်ခဲ့တာပဲ။ ပျောက်အောင်လည်း မကုနိုင်ခဲ့ဘူး။ သူကျောင်းပြန်လာတက်တော့ ဆေးပြန်စွဲတာပဲ။
မူးယစ်ဆေးတွေက နေရာတိုင်းရနေတာကိုး။ ဈေးလည်း သိပ်ပေါတယ်။ တော်ရုံနဲ့ မဖြတ်နိုင် တော့ဘူး...
သူငယ်ချင်းတွေကို ဘယ်လိုပြောပြရမလဲ မသိတော့ဘူး... သူတို့ ငါ့ကို ဘိန်းစားလို့ပဲ မြင်နေကြတယ်။
ဘယ်သူမှ ငါ့ကို အဖက် မလုပ်ကြ တော့ဘူး..